KNU/KNLA ငြိမ်းချမ်းရေးကောင်စီ
တာအမှတ်
ရက်စွဲ KNU/knla pc

ကညီဒီကလုာ်စၢဖိဉ်ကရၢ /ကညီဒီကလုာ်အတၢ်ထူဉ်ဖျဲးသုးမုၢ်ဒိဉ် တၢ်မ့ာ်တၢ်[illegible]ရၢမိၢ်ပှၢ်
ကရင်အမျိုးသားအစည်းအရုံး /ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ

# နယ်စပ်လုံခြုံရေးနှင့်ငြိမ်းရေး(အထူး)ဗျူဟာ

KNU/KNLA .PC

နယ်စပ်(အထူး) ဗျူဟာ

မြဝတီမြို့၊ကရင်ပြည်နယ်၊

စာအမှတ်၊ ၁၀၁၂ / ဦး( ၂)

ရက်စွဲ၊၂၀၁၄ခုနှစ်၊စက်တင်ဘာလ(၁၇)ရက်

သို့

စစ်ဗျူဟာ (အခြေချ)

သယ်နီးညီနောင်၊မြဝတီမြို့

အကြောင်းအရာ ။ ။ မြန်မာအစိုးရစစ်တပ်အား အသိပေးအကြောင်းကြားခြင်းကိစ္စ။

" ကရင့်လက်နက် ကရင့်လက်ထဲတွင်ရှိရမည်။ ကရင့်ကံကြမ္မာ ကရင်ဖန်တီးရမည်။"

ကရင်ပြည်နယ် အတွင်းမြန်မာအစိုးရ စစ်တပ်မှ တပ်ရင်း၊ တပ်ဖွဲ့၊ လက်အောက်ခံ တပ်ဖွဲ့ဝင် များ အား လုံး စစ်ယူနီဖောင်း၊ စစ်လက်နက်၊ လူအင်အားသုံး၍ မြို့တွင်းသို့ဝင်ရောက်လာခြင်းကိုတွေ့မြင်ရသည် မှာ ပြည်သူလူထုအား စိုးရိမ်ထိန့်လန့်မှုများ ဖြစ်ပေါ်စေနိုင်သည့်လုပ်ရပ်များ ဖြစ်ပါသည်။ တပ်ရင်း၊ တပ်ဖွဲ့ ဝင် များ အနေဖြင့် ကရင်ပြည်နယ်အတွင်း၌အေးချမ်းစွာ နေထိုင်လျက် ရှိ သော ပြည်သူလူထု၏ အကျိုးကို ရှေးရှု၍ ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ပြီး သဘောတူညီ ထားသည့် ငြိမ်း ချမ်းရေး မူဝါဒများအတိုင်း လိုက် နာ ဆောင်ရွက်သွားကြရန် အထူးလိုအပ်ပါသည်။

သို့ပါ၍ မြန်မာ့တပ်မတော် တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများအနေဖြင့်ကရင်ပြည်နယ် အတွင်း မြို့တွင်း၊ မြို့ပြင်သွားလာမှုများ လုံး၀ (လုံး၀) မပြုလုပ်ကြရန် အပြင်းအထန် တားမြစ် လိုက် သည်။

အရေးကြီးကိစ္စဖြင့် သွားလာရမည်ဆိုပါက သက်ဆိုင်ရာရှေ့တန်းရုံး၊စခန်း ရုံးများမှတဆင့် နယ်စပ် လုံခြုံ ရေး (အထူး) ဗျူဟာ ဗျူဟာမှူး ဗိုလ်မှူးကြီးတိုက်ဂါး ထံသို့ ဦးစီးခေါင်းဆောင်၊ အင်အား၊ လက်နက် အမျိုးအစား အရေအတွက်၊ ယာဉ်အမျိုးအစား အရေအတွက်နှင့် သွားလာမည့်နေရာအချိန်တို့ကို ကြို တင်အကြောင်း

ကြား ခွင့်ပြုချက်ရယူပြီးမှသာသွားလာရမည်၊ ၎င်းကိစ္စအား၎င်းတို့ ၏ တပ်ဖွဲ့ဝင်များသို့ပါအသိပေးအကြောင်းကြားထားရမည်၊ မြို့ဝင်မြို့ထွက်ရှိတိုင်းရင်းသားလက်နက်ကိုင် လုံခြုံရေး ကင်းစခန်း များမှ လုံခြုံရေးအရ ရပ်တန့်စစ်ဆေးမေးမြန်းခြင်းများရှိပါက ကြည်ဖြူကျေနပ်စွာ လက်ခံစေလိုကြောင်း အသိပေး အကြောင်းကြား လိုက်သည်။

မိတ္တူကို -

KNU/KNLA - စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂျော်နီ

KNU/KNLA - ဒုစစ်ဦးစီးချုပ် စောဘော့ကျော်ဟဲ

DKBA - စစ်ဦးစီးချုပ် စောလားဘွယ်

DKBA တလို့ထူးဝါး - ဗိုလ်မှူးချုပ် ကျော်သက်

DKBA တလို့ထူးလား - ဗိုလ်မှူးချုပ် ဗိုလ်ဘိ

KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဆက်ဆံရေးရုံး မြဝတီ

တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်